ရွှေပြည်သာကျေးရွာ
ရေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပြည်သာကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ

မာတိကာ

စကားချီး

ရွှေပြည်သာကျေးရွာ သယံဇာတပြန်လည်ပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပြည်သာကျေးရွာ

ရေးမြို့နယ်

ရွှေပြည်သာကျေးရွာ သယံဇာတပြဖြေပုံ၊ ရေးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရွှေပြည်သာကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၏ တူးမြောင်းကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ရေးမြို့မှ ပလိုင်ကီးကျေးရွာ၊ ချောက်ကုန်း ကျေးရွာ၊ သဃ်နိုးကျွန်းကျေးရွာသို့သွားသော ကားလမ်းဘေးတွင် တည်ရှိပါသည်။ရွာ၏ မြေမျက်နှာပြင်အနေအထားမှာ မြေပြန့်များရှိသလို ကုန်းမြင့်မြေများလည်းရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ နှစ်စဉ်မိုးရေချိန်လက်မ (၈၀)ခန့်ရှိပြီး သဘာဝပေါက်ပင်များ ဝါး၊ညောင်ပင်၊ မရမ်းပင်၊သရက်ပင်၊ငှက်ပျော်ပင်စသည့်အပင်များ ပေါက်ရောက်သော်လည်း နွေရာသီရောက်တိုင်း ၎င်းအပင်များရေရှားပါးသောကြောင့် များသောအားဖြင့် အပင်များ သေကုန်ကြပါသည်။စိုက်ပျိုးရေး အခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် လက်လုပ်လက်စား ကျပန်းအလုပ်များကိုသာ လုပ်ကိုင်သူများပြားပါသည်။ကျေးရွာတွင် မြစ်ချောင်းများမှ သောက်သုံးရေအသုံးမပြုနိုင်ခြင်းကြောင့် ရေတွင်းများတူးပြီး ရေတင်စက်များဖြင့် အသုံးပြုကြရပြီး နွေရာသီတွင် ရေတွင်းများမှ ရေများခမ်းသောကြောင့် သောက်သုံးရေ အခက်အခဲများစွာရှိပါသည်။ကျေးရွာသို့ သောက်သုံးရေ လာရောက်လှူဒါန်းသောကားများ ထံမှ သောက်သုံးရေများကို အလှည့်ကျစနစ်ဖြင့် ယူကြရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းအများနှင့်သက်ဆိုင်သော ဘာသာရေးလုပ်ငန်းများတွင် ရပ်မိရပ်အဖွဲ့၊ ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့၊ ကျေးရွာအရံမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့များ ရှိပါသည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မရှိပါသဖြင့် လူမှုရေးကိစ္စ ကြီးငယ်ပေါ်ပေါက်ခဲ့လျှင် ရပ်မိရပ်ဖနှင့် ရွာသားများမှ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ခြုံငုံသုံးသပ်ကြည့်ရမည်ဆိုပါက ကျေးရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းပြီး ကျေးရွာတွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသော လုပ်ငန်းများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏လုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းအနည်းငယ်သာရှိပြီးအရောင်းအဝယ်လုပ်ငန်းများနှင့် ကျပန်းလုပ်ကိုင်သူများပြားပါသည်။မိုးရာသီတွင်ရော်ဘာအနည်းငယ်စိုက်ပျိုးကြသည်။နွေရာသီတွင် ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်ပြီး ဟင်းသီးဟင်းရွက်အနည်းငယ် စိုက်ပျိုးကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂) အိမ်ရှိပြီး နွားကောင်ရေ (၃) ကောင်၊ဆိတ်မွေးမြူထားသည့်အိမ်ထောင်စု(၁)စုမှ (၁၀)ကောင်၊သိုးမွေးမြူထားသည့် အိမ်ထောင်စု(၁)စု (၆)ကောင်၊ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၃၅) စုမှ (၁၂၃)ကောင်၊ အိမ်ထောင်စု (၃၅)အိမ်မှကြက်(၂၈၀)ကောင်၊အိမ်ထောင်စု(၄)အိမ်မှဘဲ(၃၀)ကောင်စသည် ဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့်

အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ချေးငွေရရှိပါသည်။ ချေးငွေကို (၆)လတစ်ကြိမ် အတိုးပေးရပါသည်။ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်အကူအညီတောင်းခံထားပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၁၁၃) စီး၊ ကား (၇)၊သုံးဘီးဆိုင်ကယ်စီး(၆)စီး လှေ၊သမ္ဘာန်(၁)စီး၊ ၊စက်ဘီး(၄၀)စီး၊စသည်ဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင်မြေသားလမ်းသာရှိသည်။မြေသား လမ်းဖြစ်သောကြောင့် မိုးတွင်းကာလများတွင် လမ်းပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရအဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်အလှမ်းဝေးကွာလွန်းသဖြင့် ဆိုလာစနစ်အသုံးပြုနေကြသည့်အိမ်ထောင်စုအနည်းငယ်သာရှိပြီး၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသောအိမ်ထောင်စုများစွာ ရှိပါသည်။ကျေးရွာတွင်ဒီဇယ်မီးလင်းရေးများရရှိအောင် လုပ်ဆောင်ထားသော်လည်း ပုဂ္ဂလိကပိုင်ဖြစ်သည့်အတွက် စေျးကြီးသုံးစွဲနေရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရွေပြည်သာကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၁၆) လုံး၊ တီဗွီ (၈၀) လုံး၊ ရေဒီယို(၁၈)စသည်တို့မှ ဆက်သွယ်ရရှိပါသည်။

၆။ ပညာရေး

ရွှေပြည်သာကျေးရွာတွင်မူလတန်းကျောင်းရှိပါသည်။ပညာရေးအဆင့်အတန်းအသင့်အတင့် ရှိပါသည်။ဘွဲ့ရသူများလည်းရှိပါသည်။အလယ်တန်းနှင့် အထက်တန်းပညာရေးကို ကျေးရွာနှင့်(၁)မိုင်ခန့် ကွာဝေးသော ရေးမြို့ရှိ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ တက်ရောက်ပညာသင်ယူကြပြီး စက်ဘီး၊ ဆိုင်ကယ်များဖြင့် အကြိုအပို့လုပ်ကြရပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဌာနမှ ဆရာ/ဆရာမများ ချပေးထားခြင်းမရှိပါ။ကျန်းမာရေးစောင့်ရှောက်မှုအတွက်ရေးမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင်သာ ကုသမှုများခံယူကြရပါသည်။ကျေးရွာသူ/သားများသည် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါများ မရှိသလောက်နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးများသွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပြီး လူကြီးများထံသို့လည်း ကူးစက်ခံရပါသည်။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို လက်ရှိတွင် သားဖွားဆရာမမှ စောင့်ရှောက်မှု ပေးနေပြီး ခလေးငယ်များအတွက် ကာကွယ်ဆေးကို လစဉ်ထိုးပေးလျှက်ရှိပါသည်။

ကျေးရွာသူ/သားများ အားလုံးသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန်အတွက် အဝီစိရေတွင်းနှင့် ရေလှောင်ကန်များကို ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးထားပါသည်။ကျေးရွာအတွင်းတွင် ကိုယ်ပိုင်ရေတွင်းရှိသော်လည်း နွေရာသီတွင် ရေများခမ်းသောကြောင့် သောက်သုံးရေအခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ကျေးရွာသို့ သောက်သုံးရေ လာရောက်လှူဒါန်းသောကားများထံမှ သောက်သုံးရေများကို အလှည့်ကျစနစ်ဖြင့် ယူကြရပါသည်။ကျေးရွာတွင် ရေတွင်း(၆၃)တွင်း၊စက်တပ်အဝီစိ(၁)တွင်း၊ မိုးရေသိုလှောင်ကန်(၁)ကန်နှင့် ရေကန်(၂)ကန် ရှိပါသည်။ ရေတွင်းအများစုမှာ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ မရရှိပါ။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာမှ ရော်ဘာစိုက်ပျိုးခြင်း၊ကွမ်းသီး၊ ဒူးရင်း၊ မင်းကွတ်၊ချဉ်ပေါင်၊သံပုရာစသည်အပင်များကို ရာသီအလိုက်စိုက်ပျိုးကြပြီးနောက် နွေရာသီရောက်တိုင်းရေရှားပါးပြီးသဘာဝအပူချိန်မြင့်မားမှုကြောင့် အပင်များသေကြေပျက်စီးကြပါသည်။သဘာဝသီးနှံပင်များရေရှည်ရှင်သန်ကြီးထွားနိုင်ရန်အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရန် လိုအပ်ပါသည်။

၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ရွှေပြည်သာကျေးရွာ၏ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင်လေ့ရှိသည်။အမျိုးသမီးများသည် ကျေးရွာ၏သာရေး၊နာရေးများတွင် အိမ်တွင်းမှုလုပ်ငန်းဖြစ်သောချက်ပြုတ်ရေးအစီအစဉ်များတွင် ဦးဆောင်ကာဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြပါသည်။အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြရပါသည်။ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေကြောင်း တွေ့ရသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

တူးမြောင်းကျေးရွာအုပ်စု		ရွေပြည်သာကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ
၁။	အခြေခံအဆောက်အဦ	ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	ရွာတွင်းလမ်း မြေနီလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။
၂။	ပညာရေး	ကျောင်းအဆောက်အဦ	ကျောင်းခြံစည်းရိုး(၈၀၀)ပေ ကာရံခြင်း။
၃။	ကျန်းမာရေး	ကျန်းမာရေးဟောပြောပွဲ	ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း။
၄။	ငွေကြေး	ချေးငွေဝန်ဆောင်မှု	အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း။
၅။	အသက်မွေး	အသက်မွေးဝမ်းကျောင်းသင်တန်း	အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ရန် ချိတ်ဆက်ခြင်း။
၆။	စိုက်ပျိုးရေး	စိုက်ပျိုးရေးသင်တန်း	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများပြုလုပ်ခြင်း။
၇။	လူငယ်	စွမ်းဆောင်ရည်မြှင့် သင်တန်း	လူငယ်စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ ပြုလုပ်ပေးခြင်း။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

ကျေးရွာ	- ရွှေပြည်သာ
ကျေးရွာအုပ်စု	- တူးမြောင်း
မြို့နယ်	- ရေး
တိုင်းဒေသကြီး / ပြည်နယ်	- မွန်ပြည်နယ်

စီမံချက်အမည် - ကျေးရွာတွင်း မြေနီလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာအတွင်းရှိလမ်းများမှာ ရှည်လျားပြီး မြေနီလမ်းဖြစ်သည့်အလျှောက် ပွင့်လင်းရာသီများတွင် သွားလာမှုအသင့်အတင့် လွယ်ကူသော်လည်း မိုးရာသီကာလတွင် ရေအိုင်များ၊ ချိုင့်များ၊ ဗွက်များ ဖြစ်သောကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင်လည်း အလွန်ပင် အခက်ခဲများနှင့် ကြုံတွေ့ရပြီး မွေးလူနာများလည်း မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်းကြောင့် တည်ဆောက်ရန်ဖြစ်သည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- လက်ရှိမြေနီလမ်းမှာ ကွန်ကရစ်လမ်းပြုလုပ်ပြီးစီးပါက ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းတိုးတက်လာခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။
- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လက်ရှိအကောင်အထည် ဖော်ပြီး်းသည့်အခါ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာမှထုန်ကုန်များ၊ ရာသီအလိုက်သီးနှံများသားငါးများကို အချိန်ရာသီမရွေ့ ကူးသန်းရောင်းဝယ်နိုင်ပြီး ပို့ဆောင်ရေးများတွင်လည်း ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းဝယ်လုပ်ကိုင်နိုင်ခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- လက်ရှိမြေသားလမ်းကို ကွန်ကရစ်လမ်း ပြုလုပ်ခြင်း
-

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ရွှေပြည်သာကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ	ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)

	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၁၃	၃၂၅	၆၃၈	၃၀	၈၀	၃၀	၁၄	၁၅၄
အကျိုးခံစားမည့်သူ ဦးရေ	၃၁၃	၃၂၅	၆၃၈	၃၀	၈၀	၃၀	၁၄	၁၅၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ရွှေပြည်သာကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကွန်ကရစ်လမ်းခင်းရာတွင် လိုအပ်သည့် အထောက်အကူများပါဝင်ကူညီ ထည့်ဝင်ခြင်း။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- လုပ်သားအင်အားဖြင့် ပါဝင်ကူညီပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊
- လမ်းနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ရန် ညွှန်ကြားချက်များထားရှိခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ကြပြီး ငွေကြေးများ ထည့်ဝင်ကြပြီး လုပ်ငန်းပြီးစီးပါက စာရင်းအင်းများကို တိကျစွာပေးပို့ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)

ကျေးရွာ	– ရွှေပြည်သာ
ကျေးရွာအုပ်စု	– တူးမြောင်း
မြို့နယ်	– ရေး
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်

စီမံချက်အမည် – စာသင်ကျောင်းခြံစည်းရိုး(၈၀၀)ပေ ကာရံခြင်း။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ရွှေပြည်သာကျေးရွာရှိ စာသင်ကျောင်း၏ ခြံစည်းရိုးမှာ ကျောင်းအရှေ့မျက်နှာစာသာ ကာရံထားပါသည်။စာသင်ကျောင်းဘေးပတ်လည်တွင် ခြံစည်းရိုးကာရံထားခြင်းမရှိသောကြောင့် ကျောင်းသူ/သားများအား မျက်နှာစိမ်းများ၏ အန္တရာယ်ကျရောက်မည်ကို ကျောင်းသားမိဘများ စိုးရိမ်နေရပါသည်။
- ခြံစည်းရိုးကာရံထားခြင်း မရှိသောကြောင့် စာသင်ကျောင်းလုံခြုံမှုမရှိပါ။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာရှိ စာသင်ကျောင်းခြံစည်းရိုး ကာရံမည်ဆိုပါက ကျောင်းသူ/ကျောင်းသားများအတွက် လုံခြုံမှုရှိလာပါမည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ရွေပြည်သာကျေးရွာရှိ စာသင်ကျောင်းခြံစည်းရိုး ဆောက်လုပ်ပြီးစီးပြီးနောက် ကျောင်းသူ/ကျောင်းသားများ ပညာသင်ကြားရန် အဆင်ပြေချောမွေ့ခြင်း၊ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊ စာသင်ကျောင်းခြံစည်းရိုး ရှိလာသည့်အတွက် ဘေးကင်းလုံခြုံစွာ ပညာသင်ကြားရခြင်း စသော အကျိုးကျေးဇူးများကို မျှော်မှန်းပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- စာသင်ကျောင်းခြံစည်းရိုးဆောက်လုပ်ရန် မြေနေရာအဆင်သင့်ရှိပါသည်၊
- ကျေးရွာရှိ လုပ်သားအားဖြင့်လည်း ပါဝင်ကူညီနိုင်ပါသည်၊
- စာသင်ကျောင်းခြံစည်းရိုး ပေ(၈၀၀) ဆောက်လုပ်ရန် လျာထားပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ရွေပြည်သာကျေးရွာ •
•	•

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၁၃	၃၂၅	၆၃၈	၃၀	၈၀	၃၀	၁၄	၁၅၄
အကျိုးခံစားမည့်သူ ဦးရေ	၃၁၃	၃၂၅	၆၃၈	၃၀	၈၀	၃၀	၁၄	၁၅၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ရွေပြည်သာကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာမှ လုပ်သားအင်အားဖြင့် ကူညီဆောင်ရွက်ပေးနိုင်ခြင်း။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊
- စာသင်ကျောင်းခြံစည်းရိုးနှင့်ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန် ညွှန်ကြားချက်များ ထားရှိခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ပြီး လုပ်ငန်းပြီးစီးပါက စာရင်းများတိကျစွာ ပေးပို့ပါမည်။

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)

ကျေးရွာ	– ရွှေပြည်သာ
ကျေးရွာအုပ်စု	– တူးမြောင်း
မြို့နယ်	– ရေး
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်

စီမံချက်အမည် – ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ရွှေပြည်သာကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဆရာမ မရှိသောကြောင့်ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများသည် ကျန်းမာရေးအသိပညာနည်းပါးကြပါသည်။ကျန်းမာရေးအသိနည်းပါးသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စများပေါ်ပေါက်လာပါက စိုးရိမ်စိတ်နည်းပါးကာ ပေါ့တိပေါ့ဆနိုင်ခြင်းကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြရပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပို့ကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာတွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် ကျေးရွာသူ/ကျေးရွာသားများလည်း ၄င်းတို့၏ အသိဉာဏ်ထဲ၌ ကျန်းမာရေးအသိများဝင်လာကာ အရေးပေါ်ကျန်းမာရေးအခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့လာပါက မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ကျေးရွာသူ/ကျေးရွာသားများ သိရှိနိုင်ပါမည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ရွှေပြည်သာကျေးရွာတွင် ကျန်းမာရေးဟောပြောပွဲများ ကျင်းပပြုလုပ်ပေးပါက ရွာသူ/ရွာသားများသည်လည်း လူတစ်ယောက်၏ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်းနှင့် ကျန်းမာရေးကိုလိုက်စားပါက အကျိုးကျေးဇူးကြီးမားကြောင်းကို သိရှိလာနိုင်မည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲပြုလုပ်ရန် အဆောက်အဦ အဆင်သင့်ရှိပါသည်၊
- ကျေးရွာသူ/ကျေးရွာသားများ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • _____ (ငွေသား) • လုပ်အား (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ရွှေပြည်သာကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၁၃	၃၂၅	၆၃၈	၃၀	၈၀	၃၀	၁၄	၁၅၄
အကျိုးခံစားမည့်သူ ဦးရေ	၃၁၃	၃၂၅	၆၃၈	၃၀	၈၀	၃၀	၁၄	၁၅၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • ရွှေပြည်သာကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ • မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၈ ခုနှစ်၊ ဇွန်လ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်ရန် အဆောက်အဦအသင့်ရှိခြင်း၊ရွာသူ/သားများမှ ဝိုင်ဝန်းကူညီဆောင်ရွက်ပေးနိုင်ခြင်း။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်ရမည့် အစီအစဉ်များ ရေးဆွဲခြင်း၊ • ကျန်းမာရေးနှင့်ဆိုင်သော အသိပညာဗဟုသုတစာအုပ်များ ကျေးရွာတွင် ထားရှိနိုင်ရန် ဆောင်ရွက်ခြင်း။

ရွှေပြည်သာကျေးရွာ၊ တူးမြောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအေးတင့်	ဦးထွန်း	၁၀/ရမန(နိုင်)၁၉၅၅၆၄	၄၄	ဥက္ကဋ္ဌ	၀၉.၂၅၁၇၉၂၂၅၅
၂	ဒေါ်ညွန့်အောင်	ဦးသိန်းအောင်	၇/ရကန(နိုင်)၀၁၆၇၆၀	၅၁	အတွင်းရေးမှူး	၀၉.၂၅၁၇၃၃၄၅၈
၃	ဦးဝင်းလှိုင်	ဦးအောင်ရှိန်	၁၀/ရမန(နိုင်)၀၈၈၉၃၄	၄၄	ဘဏ္ဍာရေးမှူး	၀၉.၂၅၁၇၃၃၅၇၀
၄	ဦးမြင့်အောင်(၁)	ဦးအောင်ညွန့်	၁၀/ရမန(နိုင်)၄၁၈၀၄၅	၅၅	သေ့ကိုင်(၁)	၀၉.၄၂၈၀၄၅၁၃၀
၅	ဦးဝင်းညွန့်	ဦးခွန့်	၁၀/ရမန(နိုင်)၂၁၃၃၈၅	၄၉	သေ့ကိုင်(၂)	၀၉.၂၆၃၈၈၅၇၇၅
၆	ဦးမြင့်သိန်း	ဦးစော	၁၀/ရမန(နိုင်)၂၀၇၉၀၀	၅၂	အဖွဲ့ဝင်	-
၇	ဦးမြင့်အောင်(၂)	ဦးပါစီကွေး	၁၀/ကထန(နိုင်)၀၃၇၆၅၁	၅၅	။	-

နောက်ဆက်တွဲ (၂)

ရွှေပြည်သာကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ (၂)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**အခြေခံအဆောက်အဦ**					
	• လမ်း မကောင်းခြင်း။	• မြေသားလမ်း ဖြစ်နေခြင်း၊ • သွားလာရခက်ခဲခြင်း • မိုးရာသီတွင်ချိုင့်ခွက်များ ြဖစ်ပေါ်စေခြင်း • လမ်းပေါ်တွင်ရေအိုင်များ ြဖစ်ပေါ်ခြင်း • ငွေကြေး ချို့တဲ့ခြင်း။	• လုပ်အားဖြင့်ပါဝင်ကူညီ နိုင်ခြင်း • လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပါက ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး ပိုမိုတိုးတက်လာခြင်း။	• ငွေကြေးမတတ်နိုင် ခြင်း။	• ကျေးရွာလမ်းကော်မတီဖွဲ့ စည်းပြီး ကျေး/လက် ဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း၊ ကျေးလက်လမ်းဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက် ြခင်း။	• လမ်းပန်းဆက်သွယ်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း။
၂	**ပညာရေး**					
	• ကျောင်းအမိုးများပျက် စီးယိုယွင်းခြင်း • စာသင်ဆောင် မလုံလောက်ခြင်း • ခြံစည်းရိုးကာရံခြင်း • ကျောင်းအိမ်သာပျက်စီ ်းခြင်း	• ကျောင်းအမိုးများပျက်စီး နေပြီးမိုးရာသီတွင် ကျောင်းသား/သူများပည ာသင်ကြားနိုင်ရန်ခက်ခ ခြင်း၊နံရံများပျက်စီး ခြင်း၊ခြံစည်းရိုးများမလုံခြံ ခြင်း • ကျောင်းအိမ်သာ ပျက်စီးခြင်း	• မြေနေရာအဆင်သင့်ရှိ ြခင်း • ရွာသူရွာသားများ၏ လုပ်အားဖြင့်ပါဝင်ကူညီ ခြင်း။	• ငွေကြေးမတက်နိုင် ခြင်း။	• ကျောင်းကော်မတီနှင့်ဖွဲ့ စည်းပြီးပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း • အခြေခံပညာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။	• ပညာရေးတိုးတက်ကောင်းမွန်အေ ာင် ဆောင်ရွက်ခြင်း • ကျောင်းဆောင်ဟောင်း ပြန်လည်ပြုပြင်ခြင်း • ကျောင်းခြံစည်းရိုးကာခြင်း • ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း။
၃	**ငွေကြေး**					
	• ဝင်ငွေနည်းခြင်း • ချေးငွေမရရှိခြင်း	• အသေးစားလုပ်ငန်းမရှိခြ င်း • ကိုယ်ပိုင်လုပ်ငန်းနည်းပါး ခြင်း • ချေးငွေအလွယ်တကူမရ ရှိခြင်း	• ရွာတွင် အသေးစားစက်ရုံများ တည်ရှိလာပါက လုပ်သားလွယ်ကူစွာရရှိ နိုင်ခြင်း • မြစိမ်းရောင်စီမံကိန်းကဲ့	• စက်ရုံများဆောက်လု ပ်ရန် မြေနေရာလုံလုံလော က်လောက်မရှိခြင်း	• အသေးစားအသက်မွေးဝမ် ်းကြောင်းလုပ်ငန်းများလု ပ်ကိုင်နိုင်ရန် သင်တန်းများဖွင့်လှစ်ခြင်း ။ • မြစိမ်းရောင်စီမံကိန်းကျေး	• မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိေ ောင် ဆောင်ရွက်ခြင်း။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			သို့သော ချေးငွေများရရှိပါက ကျေးရွာတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ် ငန်းများအား လုပ်ကိုင်လာနိုင်ခြင်း		ရွာရရှိရန် ကျေးလက်ဦးစီးဌာနသို့ ချိတ်ဆက် တင်ပြတောင်းခံခြင်း။	

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၉	၅	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၈	၁၆	၃၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၂၇	၆၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၈	၄၇	၈၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၅	၂၁၀	၄၀၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၂၀	၃၆

အသက်အုပ်စု	ကျား	မ	စုစုပေါင်း
စုစုပေါင်း	၃၁၃	၃၂၅	၆၃၈
စုစုပေါင်း အိမ်ထောင်စု	၁၅၄		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာသည် အိမ်ထောင်စု(၁၅၄)စု၊ လူဦးရေ(၆၃၈) ဦးရှိပါသည်။ရွှေပြည်သာကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၂.၁၉%)၊ ၅နှစ်အောက်ကလေးငယ်အရွယ်(၅.၃၃%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၀၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၃.၃၂%)၊ အလုပ် လုပ်နိုင်သည့်အရွယ် (၆၃.၄၈%)၊ သက်ကြီးရွယ်ကြီးအရွယ်(၅.၆၄%)ရှိပါသည်။ပျမ်းမျှ အနေဖြင့် အလုပ်မလုပ် နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၃၆.၅၂)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ်ကျား (၁၉၅)ဦး၊ မ(၂၁၀)ဦးစုစုပေါင်း(၄၀၅)ဦးရှိပြီးတစ်ရွာလုံး လူဦးရေ၏ (၆၃.၄၈)%ရှိပါသည်။ထို့ကြောင့်ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၉	သင့်	အနည်းအကျဉ်း	မြေအောက်ရေ
ယာမြေ				
ဥယျာဉ်ခြံမြေ	၁၅	သင့်	အနည်းအကျဉ်း	မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	၁	သင့်	အနည်းအကျဉ်း	မြေအောက်ရေ
ပလပ်မြေ	၃၂	သင့်	အနည်းအကျဉ်း	မြေအောက်ရေ
သစ်တောမြေ				
စုစုပေါင်း	၅၇			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား– ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ရွေပြည်သာကျေးရွာတွင် ရေအလွန်ရှားပါးမှုကြောင့် လက်တူးတွင်းတူးဖော်ခြင်းမရပါသဖြင့် အဝီစိတွင်းတူးဖော်ခြင်းများပြုလုပ်ရန် ရပ်မိရပ်ဖများနှင့် ကျေးရွာနေရွာသူ/သားများ အစည်းအဝေးပြုလုပ်ခဲ့ကြပြီး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ပရဟိတအဖွဲ့များနှင့် လည်းချိတ်ဆက်ကာ ဆောင်ရွက်သွားရန်ရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	လွယ်
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	မရှိ	ခက်
ပျမ်းမျှအပူချိန် – ၂၈ C	ပျမ်းမျှ မိုးရေချိန် – လက်မ(၈၀)ခန့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ရွေပြည်သာကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ ရှားပါးသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ရပ်မိရပ်ဖ	၁☐ ၂√ ၃☐	ပညာရေး √ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာတွင် အဓိကကျသည့် အဖွဲ့ဖြစ်ပြီး သမာသမတ်ကျ၍ ဩဇာရှိသောအဖွဲ့ဖြစ်သည်။
၂	လူငယ်	၁☐ ၂√ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး √	ရပ်ရွာအကျိုးကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ဖြစ် သည်။
၃	အမျိုးသမီးရေးရာ	၁☐ ၂√ ၃☐	ပညာရေး √ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ရပ်ရွာ၏ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးများ တွင်အဓိကထား လုပ်ဆောင်သော အဖွဲ့ဖြစ်သည်။
၄	မီးသတ်အဖွဲ့	၁☐ ၂√ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐	မီးသတ်အဖွဲ့သည် မိမိရပ်ရွာတွင် သာမက အခြားကျေးရွာများမီး

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး √	လောင်မှု ဖြစ်ပွားပါကလည်း အချိန်နှင့်တပြေးညီကူညီမှုများပြုလုပ်နေပါသည်။
၅	လူမှုကူညီရေးအသင်း	၁☐ ၂√ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကျေးရွာမှသာရေး/နာရေးကိစ္စများတွင် အားသက်သရောပါဝင်ဆောင်ရွက်ပေးသောအဖွဲ့ဖြစ်သည်။
၆		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ် ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင် ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရ ာရှင်းလင်းဖော်ပြချက်
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးေ ေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ရွေပြည်သာကျေးရွာတွင် လူမှုအဖွဲ့အစည်းများစွာရှိသော်လည်းအဓိကကျသောအဖွဲ့များသာဖော်ပြထားပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင် စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေ လည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-	-	-
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ် ထောင်အိမ်	သွပ်မိုးအိမ်	ဝါး၊ဓနိမိုးအိမ်
ကုန်ထုတ်လုပ်မှုနှ င့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/သုံးဘီး ဆိုင်ကယ်/ ဆိုင်ကယ်	ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စျေးဆိုင်ကြီး	စျေးဆိုင်	ကျပန်း	ကျပန်း
အိမ်ထောင်စု	၃၀	၈၀	၃၀	၁၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ရွေးပြည်သာကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး အဓိကလုပ်ငန်းမှာ အရောင်းအဝယ် လုပ်ငန်းများလုပ်ကိုင်ကြသည်။အလည်အလတ်ရှိသော အိမ်ထောင်စုများသည် တစ်နိုင်တစ် ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး မပြေလည်သောအိမ်ထောင်စုများနှင့် အလွန် မပြေလည်သောအိမ်ထောင်စုများသည် ကျပန်း လုပ်ရင်းအသက်မွေး ဝမ်းကြောင်းပြုကြရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၄	၉.၁%	
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၃၀	၁၉.၄၈%	မြေမဲ့ယာမဲ့
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၄၀	၂၅.၉၇%	ဆင်းရဲသားတောင်သူ
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၄၀	၂၅.၉၇%	တောင်သူငယ်
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၃၀	၁၉.၄၈%	အလယ်အလတ်စား တောင်သူ
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၅၄	၁၀၀%	တောင်သူကြီး

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ရွေးပြည်သာကျေးရွာတွင် မြေယာပိုင်ဆိုင်သော အိမ်ထောင်စုများသည် ညီမျှမှုရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်းသင့်များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွေပြည်သာကျေးရွာသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကြောင်းခြင်းမပြုလုပ်ပါ။အရောင်းအဝယ်ကိုသာ အဓိကလုပ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂	၃
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
လား		
ဆိတ်	၁	၁၀
သိုး	၁	၆
ဝက်	၃၅	၁၂၃
ကြက်	၃၅	၂၈၀
ဘဲ	၄	၃၃
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာသည်(ဝက်၊ကြက်၊ဘဲ)စသော မွေးမြူရေး လုပ်ငန်းကိုမိသားစုတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-

၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၂	၂၀	-	(လတ်)လုပ်ငန်းရှိမှုအ သင့်သင့်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၅	၅		(လတ်)အိမ်ဆိုင်တစ်ပိုင် တစ်နိုင်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး		၂		(လတ်)လခစားဝန် ထမ်းများ
၁၃	ကျန်းမာရေး		၁		(လတ်)လခစားဝန် ထမ်းများ
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်မ ျား (အထက်ဖော်ပြပါလုပ် ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရေ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဆောက်လုပ်ရေးလုပ်ငန်း(ပန်းရံ၊လက်သမား)လုပ်သူများပြားပြီး တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လည်းလုပ်ကိုင်ကြပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ရွာဈေး(ရွှေပြည်သာကျေးရွာ)	မြသီတာဈေး(ရေးမြို့)
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာနှင့်အနီးဆုံးဈေးမှာ ကျေးရွာဈေးသာဖြစ်ပါသည်။အိမ်ဆောက်ပစည်းများ၊ ပရိဘောဂများ၊စုံလင်လှသောအသုံးအဆောင်ပစည်းများကိုဝယ်ယူချင်လျှင် ရေးမြို့မြသီတာဈေးသို့သွားရောက်၍လည်း ဝယ်ယူကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□ ၂□ ၃√ ၄□ ၅□	ကောင်း □ သင့်√ ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ် လုံး√	၀–၁ မိုင် √ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထ က်□
ချဉ်းကပ်လမ်း	၁ □ ၂□ ၃√ ၄□ ၅□	ကောင်း□ သင့်√ ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ် လုံး√	၀–၁ မိုင် □ ၁–၅ မိုင် □ ၅–၁၀ မိုင် √ ၁၀မိုင်အထ က်□
ရွာချင်းဆက်လ မ်း	၁□ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ် လုံး□	၀–၁ မိုင် □ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထ က်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ **။ရွှေပြည်သာကျေးရွာ၏ရွာတွင်းလမ်း၊ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းတို့သည် ကျောက်ချောလမ်းဖြစ်သည့်အတွက် သွားလာရအဆင်ပြေပါသည်။**

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာတွင် မြစ်ကြောင်း၊ ပင်လယ်ရေကြောင်း မရှိသည့်အတွက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၁	-	၄၀	၁၁၃	၆	-	၇	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကယ်ရီများ၊ ကားများအသုံးပြုနေကြပါသည်။ကျောင်းသူ/သားများသည် ကျောင်းသွား/ပြန် စက်ဘီးအသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	၅၁

ရင်းမြစ်	အိမ်ထောင်စု
အသေးစားရေအားလျှပ်စစ်	၇
ဒီဇယ်သုံးအင်ဂျင်	၅၅
လေစွမ်းအင်	
ဧဝလောင်စာ	၁၁
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၁၀
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများသည် လျှပ်စစ်မီးများ အသုံးပြုနေသူများလည်းရှိသည့်အပြင် မပြေလည်သောအိမ်ထောင်စုများတွင်မူ ဖယောင်းတိုင်မီးများ၊ မီးခွက်များအသုံးပြုနေရသောအိမ်ထောင်စုများလည်းရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၁၆	၁၈	၈၀

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် များကို ဖုန်း ၊ ရေဒီယို၊ တီဗွီ စသည်တို့မှ ရရှိနိုင်ပြီးကျေးရွာသည်မြို့နှင့်နီးသောကြောင့် ဆက်သွယ်ရလွယ်ကူပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၅	၂၇	၆၂
အလယ်တန်း	၃၇	၄၃	၈၀
အထက်တန်း	၆	၁၄	၂၀
တက္ကသိုလ်/ကောလိပ်	၁	၁	၂

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ **။ရွှေပြည်သာကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ကျောင်းသူ/သားများလည်း ပညာရေးကိုစိတ်ဝင်စားပြီး ကျောင်းတက်သူဦးရေများပြား လာပါသည်။အလယ်တန်းနှင့် အထက်တန်းအဆင့်ကို ရေးမြို့ပေါ်ရှိ အထက်တန်းကျောင်း များသို့ ဆက်လက်ပညာသင်ယူကြပါသည်။တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများ ဦးရေမှာ အနည်းငယ်သာရှိပါသေးသည်။**

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း √ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ်	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ်	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ်

အကြောင်းအရာ	(၁)			(၂)			(၃)		
	☐ ကား ☐			☐ ကား ☐			☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	အလျား(၆၀)ပေ အနံ(၁၃၀)ပေ								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်√ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ √			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် √ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် √ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	-	၅	၅						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ **။ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။ကျောင်းဆောင်အခြေအနေသည်အသင့်အတင့်ရှိသော်လည်း ကျောင်းသုံးပရိဘောဂလုံလောက်မှု မရှိပါ။**

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်√	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်☐	နိမ့်√	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်√	မရှိ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ√
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ√
၆	တီဘီ	မြင့်☐	နိမ့်√	မရှိ☐
၇	ဆီးချို	မြင့်☐	နိမ့်√	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်√	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐ မရှိ√	နိမ့်☐	
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐ မရှိ√	နိမ့်☐	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐ မရှိ√	နိမ့်☐	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ရွေပြည်သာကျေးရွာတွင် ကျေးရွာသူ/သားများသည် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်မှုရောဂါ မရှိသလောက်နည်းပါးပါသည်။နှစ်စဉ် မိုးရာသီတွင် ကလေးများသွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူကြီးများထံသို့လည်း ကူးစက်တတ်ပါသည်။ကျေးရွာသူ/သားများအား ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေး သော အစီအစဉ်များကိုလည်း ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		မရှိ
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၅	ဝက်သက်ရောဂါ		မရှိ
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ရှိ	
၈	အာဟာရ ပညာပေး အစီအစဉ်	ရှိ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဌာနမှ လစဉ် ကာကွယ်ဆေးများ ပုံမှန်လာရောက်ထိုးနှံပေးပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ √
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ □ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ √ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာတွင်းတည်ရှိ

ပါသည်။အရေးကြီးသောလူနာများအား (၀ မှ ၁ မိုင်)ခန့် ကွာဝေးသောရေးဖြို့နယ်ဆေးရုံကြီးတို့သွားရောက်ကုသရပါသည်။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၆၃	ကောင်း☐ သ √ငံ့ ညံ့☐	နွေ၊ မိုး၊ ဆောင်း
အဝီစိတွင်း/ စက်တပ်	၁	ကောင်း ☐ သင့် √ ညံ့☐	နွေ၊ မိုး၊ဆောင်း
အဝီစိတွင်း/ တုံကင်		ကောင်း☐ သင့်☐ ညံ့☐	
မိုးရေ သိုလှောင်ကန်	၁	ကောင်း☐ သင့် √ ညံ့☐	နွေ၊ မိုး၊ ဆောင်း
မြစ်/ချောင်းေ ေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်	၂	ကောင်း☐ သင့် √ ညံ့☐	နွေ၊ မိုး၊ ဆောင်း
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြေမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာတွင် ရေတွင်းအသုံးပြုသူအိမ်ထောင်စု ပိုမိုများပြားပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၃၉

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဧလားအိမ်သာ	၉၈
တွင်းမရှိ အိမ်သာ	၇
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ရွေပြည်သာကျေးရွာတွင်း(တွင်း/ဧလားအိမ်သာ)ကိုသာ အများဆုံးအသုံးပြုကြပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဧယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	နည်း
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	နည်း
၄	မိုးခေါင်ခြင်း	နည်း
၅	အအေးလွန်ကဲခြင်း	နည်း
၆	မုန်တိုင်း	နည်း
၇	ငလျင်	နည်း
၈	မီးဘေး	နည်း
၉	ဆားငန်ရေဝင်မြေ	မြင့်
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နည်း
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ငှက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	မရှိ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မြင့်
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာသည် အရောင်းအဝယ်လုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသဖြင့် တစ်ခါတရံကုန်စျေးနှုန်းမတည်ငြိမ်ခြင်းတို့ကြောင့် စားနပ်ရိက္ခာ ဖူလုံမှုအနည်းငယ်လျော့နည်းပါသည်။ဘေးအန္တရာယ်ကျရောက်မှု၊ထိခိုက်မှုလတ်တလောတွင် မရှိပါ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့်အတူတကွနေထိုင်ကြသဖြင့် ကျေးရွာတွင်း ပဋိပက္ခများမရှိပါ။လူကုန်ကူးမှုများ ဝေးလံခေါင်သီ/လမ်းပမ်းဆက်သွယ်ရေး ခက်ခဲမှု မရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	နိမ့်	
အပင်မျိုးစိတ်များ	နိမ့်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	မရှိ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွှေပြည်သာကျေးရွာတွင် သဘာဝအရင်းအမြစ်များ ရှားပါးသလို ထိန်းသိမ်းမှုလည်း မရှိပါ။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ √
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ √	မရှိ ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွေးပြည်သာကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်းအချို့အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင် ဖွဲ့စည်းထားပါသည်။